# အထူးပြုဘာသာရပ်ကျောင်းများ ကြော်ငြာစာစောင်

## အတန်းများ - သူငယ်တန်းမှ ရှစ်တန်းအထိ

**2024 - 2025 စာသင်နှစ် လွတ်လပ်စွာ စာရင်းပေးသွင်းခြင်း**

ဇန်နဝါရီ 5 ရက် 2024 မှ ဖေဖော်ဝါရီ 9 ရက် 2024

**အွန်လိုင်းတွင် လျှောက်ထားရန် -**

www.dekalbschoolsgac.scriborder.com

**School Choice အစီအစဉ်ဆိုင်ရာ သတင်းအချက်အလက်-**

http://www.dekalbschoolsga.org/school-choice

*School Choice နောက်ကျသည့် စာရင်းသွင်းသူများအတွက် -*

*ဧပြီလ 1 ရက်၊ 2024 ခုနှစ်မှ ဩဂုတ် 23 ရက်၊ 2024 ခုနှစ်*

~~~~~~~~~~~~~~~~~~~~~~~~~~~~

*School Choice ဆက်သွယ်ရန် -*

*678-676-0035 သို့မဟုတ် 678-676-0050*



### မူလတန်းကျောင်းများ

- Edward L. Bouie, Sr.
- Marbut
- Narvie J. Harris
- Oakcliff
- Robert Shaw
- Wynbrooke

### အလယ်တန်းကျောင်း

- The Champion School

**မဲလက်မှတ် ရလဒ်များ ထုတ်ပြန်မှု - မတ်လ 29 ရက် 2024 ခုနှစ်၊ ညနေ 5:00 နာရီ**
~~~~~~~~~~~~~~~~~~~~~~~~~~~~

# အထူးပြုဘာသာရပ်ကျောင်းများဆိုင်ရာ သတင်းအချက်အလက်

| အထူးပြုဘာသာရပ်ကျောင်း | လိပ်စာ | ကျောင်းချိန် | ကျောင်းလှေ့လာရေး ခရီးစဉ့် ရက်စွဲများနှင့် အချိန်များ | အထူးပြုဘာသာရပ်ဆိုင်ရာ ကျောင်းခွဲများ |
|---|---|---|---|---|
| **Edward L. Bouie Sr. မူလတန်းကျောင်း အတန်းများ - မူကြို– 5** | 5100 Rock Springs Road<br>Lithonia၊ GA 30038<br>(678) 676-8202 | မနက် 7:45 နာရီ - ညနေ 2:15 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Browns Mill မူလတန်းကျောင်း<br>Fairington မူလတန်းကျောင်း<br>Flat Rock မူလတန်းကျောင်း<br>Murphey Candler မူလတန်းကျောင်း |
| **Narvie J. Harris မူလတန်းကျောင်း အတန်းများ - သူငယ်တန်းကြို - 5တန်း** | 3981 McGill Drive<br>Decatur၊ GA 30034<br>(678) 676-9202 | မနက် 7:50 နာရီ - ညနေ 2:15 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Chapel Hill မူလတန်းကျောင်း<br>Cedar Grove မူလတန်းကျောင်း<br>Oak View မူလတန်းကျောင်း |
| **Marbut မူလတန်းကျောင်း အတန်းများ - သူငယ်တန်းကြို - 5တန်း** | 5776 Marbut Road<br>Lithonia၊ GA 30058<br>(678) 676-8802 | မနက် 7:30 နာရီ - ညနေ 2:05 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Panola Way မူလတန်းကျောင်း<br>Stoneview မူလတန်းကျောင်း<br>Woodridge မူလတန်းကျောင်း |
| **Oakcliff မူလတန်းကျောင်း အတန်းများ - သူငယ်တန်းကြို - ၅တန်း** | 3150 Willow Oak Way<br>Doraville, GA 30340<br>(678) 676-3102 | မနက် 7:45 နာရီ - ညနေ 2:15 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Cary Reynolds မူလတန်းကျောင်း<br>Doraville United မူလတန်းကျောင်း<br>Hightower မူလတန်းကျောင်း |
| **Robert Shaw မူလတန်းကျောင်း အတန်းများ - သူငယ်တန်းကြို - 5တန်း** | 385 Glendale Road<br>Scottdale, GA 30079<br>(678) 676-6002 | မနက် 7:45 နာရီ - ညနေ 2:15 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Dunaire မူလတန်းကျောင်း<br>Indian Creek မူလတန်းကျောင်း<br>Jolly မူလတန်းကျောင်း<br>Rowland မူလတန်းကျောင်း |
| **Wynbrooke မူလတန်းကျောင်း အတန်းများ - သူငယ်တန်းကြို - 5တန်း** | 440 Wicksbury Way Stone Mountain, GA 30087<br>(678) 676-5002 | မနက် 7:45 နာရီ - ညနေ 2:15 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | Pine Ridge မူလတန်းကျောင်း<br>Princeton မူလတန်းကျောင်း<br>Rock Chapel မူလတန်းကျောင်း<br>Shadow Rock မူလတန်းကျောင်း |
| **Champion အလယ်တန်းကျောင်း အတန်းများ - 6 - 8** | 5265 Mimosa Drive Stone Mountain, GA 30087<br>(678) 875-1502 | မနက် 8:50 နာရီ - ညနေ 3:50 နာရီ | အပ်ဒိတ်များနှင့် ကျောင်းခရီးစဉ်များအတွက် ကျောင်းဝက်ဘ်ဆိုက်ကို စစ်ဆေးပါ | အားလုံးသော DeKalb အလယ်တန်းကျောင်းများ |

**အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း၏ နောက်ခံသမိုင်း**

DeKalb ခရိုင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း အစီအစဉ်သည် ၁၉၉၆ခုနှစ်တွင် စတင်ခဲ့ပြီး မိဘများနှင့် ကျောင်းသားများအတွက် ယခင် ပညာရေးစွမ်းဆောင်ချက်များဖြင့် မကန့်သတ်ထားသည့် ပညာရေးဆိုင်ရာ ရွေးချယ်မှုတစ်ခုအနေဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ဤပရိုဂရမ်သည် မြင့်မားသောမျှော်လင့်ချက်များ၊ မိဘများ၏ပါဝင်ပတ်သက်မှုနှင့် စိန်ခေါ်မှုလေ့လာသင်ယူမှုအတွေ့အကြုံများကိုလိုက်စားရန် စိတ်ပါဝင်စားမှုအပေါ် အခြေခံထားသည်။ DeKalb Count School District တွင် Edward L. Bouie, Sr., Marbut, Narvie J. Harris, Oakcliff, Robert Shaw, Wynbrooke Tradition- al Theme Elementary Schools, နှင့် Champion Traditional Theme Middle School ကျောင်းများ အပါအဝင် DeKalb County, Georgia ၏ နေရာပေါင်းစုံတွင် အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း 7ကျောင်း ရှိသည်။

**အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း၏ အစိတ်အပိုင်းများ**

အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်းဆိုသည်မှာ အနီးပတ်ဝန်းကျင်ရှိ အခြား စာသင်ကျောင်းများမှ မူလတန်းကျောင်းသားများ သို့မဟုတ် ကျောင်းခရိုင် တစ်ဝှမ်းရှိ အလယ်တန်းကျောင်းအဆင့်မှ မူလတန်းကျောင်းသားများတို့ အတွက် ရည်ရွယ်သည့် ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွင်းမှ စာသင်ကျောင်း တစ်ကျောင်းဖြစ်ပြီး၊ ကျောင်းသားများ နှင့် မိဘများတို့၏ လိုအပ်ချက်များဖြင့် ပြည့်မီကိုက်ညီမှုရှိစေရန် ဒီဇိုင်းရေးဆွဲထားသည့် တမူထူးခြားသော အစိတ်အပိုင်း ပါဝင်မှုများကြောင့် ထင်ရှားသည်။ အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်းသည် ကျောင်းသားများအတွက် အဆင့်မြင့်မားစွာ ဖွဲ့စည်းတည်ဆောက်ထားသည့် မူဘောင်တစ်ခုအတွင်းတွင် ပညာရပ်ဘာသာတစ်ခုထက်မကသော ပညာရေး အစီအစဉ် တစ်ခုအား ကမ်းလှမ်းထောက်ပံ့ပေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်သည်။ အိမ်တွင် လေ့လာရေး စီမံချက်များ နှင့် ကမ္ဘာ့ ဘာသာစကားတစ်ခုဖြင့် ရင်းနှီးထိတွေ့ မှုတို့ အပါအဝင် ဤစိန်ခေါ်မှုရှိသော အစီအစဉ်အတွင်း၌ ကျောင်းသားများသည် အဓိက ပါဝင်ဆောင်ရွက်သူများ ဖြစ်သည်။ ဘာသာရပ်ပေါင်းစုံ သင်ရိုးညွှန်းတမ်းဖြင့် ညွှန်ကြားပို့ချသော ဤချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းသည် သုတေသနအား ပို၍ဇဟိုပြုသော လက်တွေ့လုပ်ဆောင်များနှင့် နှင့် ပြဿနာဖြေရှင်းခြင်း၊ ဝေဖန်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရမည့် ပရောဂျက်များကို အားပေးသည်။ သင်ကြားရေး အစီအစဉ်များကို အားဖြည့်ရေးနှင့် ကျောင်းအား ပံ့ပိုးရေးတို့တွင် မိဘများသည် အထူး အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။

**အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်းအတွက် ဖြည့်စွက်ကျောင်းများ**

အစဉ်အလာ အထူးပြုဘာသာရပ် မူလတန်းကျောင်းများသည် ကျောင်းသားလက်ခံနိုင်မှုနေရာ အကန့်အသတ်ရှိသည့် စာသင်ကျောင်းများမှ ကျောင်းသားများအား အဓိက လက်ခံသည်။ အနီးအနား ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွင်းမှ နေရာအကြပ်ဆုံးဖြစ်နေသည့် မူလတန်းကျောင်းများသည် အထူးပြုဘာသာရပ် မူလတန်းကျောင်းများသို့ ကျောင်းသားများလွှဲပြောင်းပေးသည့် ဖြည့်စွက်ကျောင်းများအဖြစ် တည်ရှိမည်ဖြစ်သည်။ ကျောင်းခွဲတစ်ခု၏ စာရင်းပေးသွင်းမှု ကျဆင်းမည်ဆိုလျှင် ကျောင်းခွဲသည် အထူးပြုကျောင်းခွဲ တည်နေရာတစ်ခုအနေဖြင့် ဝန်ဆောင်မှုပေးနိုင်တော့မည် မဟုတ်ပေ။ ဤဆုံးဖြတ်ချက်အား နှစ်စဉ် ပြုလုပ်ခြင်းဖြစ်သည်။ အထူးပြုဘာသာရပ် အလယ်တန်းကျောင်းသည် DeKalb ကောင်တီ ကျောင်းခရိုင် တစ်ဝှမ်းမှ ကျောင်းသားများအား လက်ခံသည်။

**အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်းတစ်ကျောင်း၏ အထူး အစိတ်အပိုင်းပါဝင်မှုများ**

- မိဘများ၏ ပါဝင်ဆောင်ရွက်မှုအား လိုအပ်သည်
- အဓိက ဘာသာရပ်များပေါ်တွင် အာရုံစိုက်သည်
- မြင့်မားသော ပညာရေး စံချိန်စံညွှန်းများ နှင့် မျှော်မှန်းချက်များ
- ကမ္ဘာ့ ဘာသာစကားတစ်ခုဖြင့် ရင်းနှီးထိတွေ့ မှု
- တင်းကြပ်သော စည်းမျဉ်းများ
- တူညီဝတ်စုံ ယူနီဖောင်း/တင်းကြပ်သော ဝင်စားဆင်ယင်မှုစည်းမျဉ်းကုဒ်အား လိုအပ်သည်
- တွေးခေါ်ဝေဖန်ခြင်း နှင့် ပြဿနာဖြေရှင်းတို့အပေါ် အဓိက အာရုံစိုက်သည်
- အလိုအလျောက်ပြုလုပ်ထားသည့် စာဖတ် အစီအစဉ် (မူလတန်းကျောင်းများ)
- နွေရာသီ စာပေဖတ်ရှုခြင်း နှင့် သင်္ချာဘာသာရပ်ဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများ လိုအပ်သည်
- စိန်ခေါ်မှုရှိသော နေ့စဉ် အိမ်စာပေးမှုများ လိုအပ်သည်
- ကျူတိုရီရယ် အစီအစဉ်များ
- လှုပ်ရှားဆောင်ရွက်မှုအား အခြေခံသည့် သင်ကြားပို့ချမှု
- လုပ်ငန်းစဉ် ရေးဆွဲမှုများ
- ဘာသာပညာရပ်တစ်ခုထက်မကသော သင်ကြားပို့ချမှု

**အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း လမ်းညွှန်ချက်များ**

- မိဘများ နှင့် ကျောင်းသားများတို့အနေနှင့် တစ်နှစ်တာ စာရင်းသွင်းမည်ဟု မှတ်ယူထားပါသည်။
- ကျောင်းမှ လက်ခံချက်ကို ရရှိပြီးသည်နှင့်တစ်ပြိုင်နက် ကျောင်းသားတစ်ဦးသည် သူ/သူမ၏ နေရာချမှုအား ထိန်းသိမ်းနိုင်ရန် ကျောင်း၏ ပထမဆုံးနေ့အား သေချာပေါက် တက်ရောက်ရမည်ဖြစ်သည်။
- မိဘများအနေနှင့် အထူးပြုဘာသာရပ်ကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းထားသော ကျောင်းသားများအတွက် မိဘများ၏ ပါဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုနာရီချိန်များအား ဖြည့်စွက်ရမည် ဖြစ်သည်။ အကယ်၍ မွေးချင်းမောင်နှမများသည် တစ်ချိန်တည်းတွင် အထူးပြုဘာသာရပ် မူလတန်းကျောင်း တစ်ကျောင်း နှင့် အထူးပြုဘာသာရပ် အလယ်တန်းကျောင်း တစ်ကျောင်းတွင် စာရင်းသွင်းထားပါလျှင် မိဘဖြစ်သူသည် မိဘဆိုင်ရာ ပါဝင်ဆောင်ရွက်မှု ဝန်ဆောင်မှု နာရီချိန်များအတွက် ခရစ်ဒစ်အား ရရှိနိုင်ရန်အတွက်ဌာ ကျောင်းတစ်ကျောင်းစီရှိ မိဘဆိုင်ရာ ပါဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုနာရီချိန်များအား 50% စီ ဖြည့်စွက်ရမည် ဖြစ်သည်။
- ကျောင်းသားများသည် အပ်နှံထားသော အထူးပြုဘာသာရပ်ကျောင်း၏ သတ်မှတ်ထားသော ယူနီဖောင်းကို ဝတ်ဆင်ရမည် ဖြစ်သည်
- ဆက်လက်အပ်နှံမှုသည် မိဘ ပါဝင်ဆောင်ရွက်သည့် ဝန်ဆောင်မှုနာရီအရေအတွက်နှင့် ကျောင်းသား၏ ကျောင်းခေါ်ကြိမ်ပြည့်မီမှုတို့အပါအဝင် အထူးပြုဘာသာရပ်ကျောင်း၏ စည်းမျဉ်းများနှင့် သတ်မှတ်ချက်များကို လိုက်နာခြင်းအပေါ် မူတည်မည် ဖြစ်သည်
- ကျောင်းမှပေးအပ်သော အလုပ်တာဝန်များကို သူ/သူမ တတ်စွမ်းသမျှ အကောင်းဆုံး ဆောင်ရွက်ရမည်
- ကျောင်း ပုံမှန် တက်ရောက်ပြီး၊ အချိန်မှီ ရောက်ရှိရမည်ဖြစ်သည်။ ကျောင်းဝင်းအတွင်းမှ အကြိမ်များစွာ ထွက်ခွာမှုများကို ရှောင်ကျဉ်ရမည်
- ကျောင်းတက်ရက် တစ်ရက်တာ၏ အဆုံးတွင် သို့မဟုတ် ကျောင်းမှခွင့်ပြုထားသည့် လုပ်ငန်းတွင် ပါဝင်မှု အပြီးတွင် ကျောင်းပရဝုဏ်မှ အချိန်တိကျစွာ ထွက်ခွာရမည်ဖြစ်သည်။
- ကျောင်းနှင့် သင့်လျော်သော ပုံစံဖြင့် သူ/သူမ ကိုယ်တိုင် ပြုမူနေထိုင်ရမည်
- လက်ရှိအပ်နှံထားပြီး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော ကျောင်းသားများသည် ထိုအထူးပြုဘာသာရပ်ကျောင်း အစီအစဉ်၌ ဆက်လက်ပါဝင်နိုင်မည် ဖြစ်သည်
- အထူးပြုဘာသာရပ် စာသင်ကျောင်း၌ နေရာချမှု ငြင်းပယ်ခံခဲ့ရလျှင် သို့မဟုတ် သတ်မှတ်ထားသော စာရင်းသွင်းနေ့စွဲအမှီ စာရင်းသွင်း ဖြည့်စွက်ခြင်းမရှိလျှင် အဆိုပါကျောင်းသားသည် နောက်လာမည့် လွတ်လပ်စွာ အဖွင့်စာရင်းသွင်းမှုကာလအတွင်း အထူးပြုဘာသာရပ်ကျောင်းအတွက် ပြန်လည်လျှောက်ထားမှု ပြုရမည် ဖြစ်သည်။

**ဤလမ်းညွှန်ချက်များအား ထိန်းသိမ်းနိုင်သမျှ ကာလပတ်လုံး စာရင်းသွင်းထားသည့် ကျောင်းသားသည် ကျောင်းနေပျော်ကာ စာတော်နိုင်မည်ဖြစ်သည်။ ဤသတ်မှတ်ချက်များ မပြည့်မီပါက ၎င်းကျောင်းသားအနေဖြင့် သူ/သူမ၏ နေအိမ်တက်ရောက်မှု ဇရိယာကျောင်းသို့ တက်ရောက်ရန် လိုအပ်မည်ဖြစ်သည်။** မိဘ(များ) ပြောင်းရွှေ့ပြီး ထိုအထူးပြုဘာသာရပ်ကျောင်းအတွက် ကျောင်းအစိတ်အပိုင်း ဇရိယာတွင် မရှိတော့ပါက၊ ကလေး(များ)ကို ထုတ်ပါမည်။ ကလေးများကို အခြား အထူးပြုဘာသာရပ်ကျောင်းသို့ ပြောင်းရွှေ့မည်မဟုတ်ပါ။ မိဘ(များ) သည် လာမည့် စာသင်နှစ်အတွက် လျှောက်ထားရန် လွတ်လပ်စွာ စာရင်းပေးသွင်းခြင်း အချိန်အထိ စောင့်ရပါလိမ့်မည်။

**ကျောင်းသားရွေးချယ်မှု လုပ်ငန်းစဉ်အား ခြုံငုံလေ့လာမှု**

အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်း၌ လျှောက်ထားသူများအား အလိုအလျောက်ပြုလုပ်ထားသော ရွေးချယ်မှု လုပ်ငန်းစဉ်တစ်ခုမှတစ်ဆင့် ရွေးချယ်သွားမည် ဖြစ်သည်။ အကယ်၍ လက်ခံနိုင်သော ကျောင်းသားထိုင်ခုံနေရာထက်ပိုပြီး လျှောက်ထားသူများ များပြားနေခဲ့ပါလျှင် ရွေးချယ်မခံခဲ့ရသော အဆိုပါကျောင်းသားများအား စောင့်ဆိုင်းစာရင်းအတွင်း နေရာချထားမည် ဖြစ်သည်။ အကယ်၍ လျှောက်ထားသူများသည် လက်ခံနိုင်သော ကျောင်းသားထိုင်ခုံနေရာအောက် လျော့နည်းနေခဲ့လျှင်မူ DeKalb ကောင်တီကျောင်းခရိုင်အနေနှင့် အားလုံးသော အရည်အချင်းပြည့်မီသည့် လျှောက်ထားသူများကို အထူးပြုဘာသာရပ်ကျောင်းသို့ တက်ရောက်စေမည်ဖြစ်သည်။ ဤအခြေအနေတွင်မူ နောက်ဆုံးသတ်မှတ်ရက် ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်ထားသူများအား ထည့်သွင်းစဉ်းစားပေးမှု လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။ School Choice လုပ်ငန်းစဉ်တစ်လျှောက် www.dekalbschoolsgac.scriborder.com တွင် ၎င်းတို့၏အကောင့်သို့ ဝင်ရောက်ခြင်းဖြင့် ၎င်းတို့၏ လျှောက်လွှာအခြေအနေကို ပုံမှန်စစ်ဆေးရန်မှာ မိဘ၏တာဝန်ဖြစ်သည်။

**အထူးပြုဘာသာရပ်ကျောင်း လျှောက်ထားရန် အရည်အချင်းပြည့်မီမှု သတ်မှတ်ချက်များ**

- DeKalb ၊ လက်ရှိ၊ ပုဂ္ဂလိကနှင့် အိမ်တွင်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ သူငယ်တန်းမှ ပဥ္စမတန်းအထိ စာရင်းသွင်းပြီး သတ်မှတ်ထားသော အထူးပြုဘာသာရပ်အစိတ်အပိုင်း မူလတန်းကျောင်းတက်ရောက်သည့် နေရာများတွင် နေထိုင်မည့် ကျောင်းသားများအားလုံးသည် ကံစမ်းမဲတွင် ပါဝင်ရန် နှင့် သတ်မှတ်ထားသော အစဉ်အလာ အထူးပြုဘာသာရပ် မူလတန်းကျောင်း များတွင် စာရင်းသွင်းရန် လျှောက်ထားရန် အရည်အချင်းပြည့်မီပါသည်။ ၎င်းတို့သည် School Choice အွန်လိုင်းလျှောက်လွှာကို လျှောက်လွှာနောက်ဆုံးရက် သို့မဟုတ် လျှောက်လွှာနောက်ဆုံးနေ့တွင် ဖြည့်သွင်းရမည်ဖြစ်သည်။

- DeKalb ၊ လက်ရှိ၊ ပုဂ္ဂလိကနှင့် အိမ်တွင်းကျောင်းများတွင် အတန်း 6 ၊ 7 ၊ နှင့် 8 တို့တွင် စာရင်းသွင်းမည့် ကျောင်းသား နှင့် DeKalb ကောင်တီခရိုင်ကျောင်းတွင် နေထိုင်သော ကျောင်းသားများအားလုံးသည် အစဉ်အလာ အထူးပြုဘာသာရပ် အလယ်တန်းကျောင်းတွင် စာရင်းသွင်းရန်အတွက် လျှောက်ထားနိုင်သည်။ ၎င်းတို့သည် School Choice အွန်လိုင်းလျှောက်လွှာကို လျှောက်လွှာနောက်ဆုံးရက် သို့မဟုတ် လျှောက်လွှာနောက်ဆုံးနေ့တွင် ဖြည့်သွင်းရမည်ဖြစ်သည်။

- လွတ်လပ်စွာ လျှောက်ထားနိုင်သည့်ကာလအတွင်းတွင် ကျောင်းတွင်လက်ရှိတက်ရောက်နေသည့် ကျောင်းသား၏ မောင်နှမ တစ်ဦးဦးအတွက် ၎င်းတို့၏မိဘမှ ကျောင်းလျှောက်လွှာကို ဖြည့်စွက်ပေးခဲ့ပြီး ယင်းကျောင်းသားသည်လည်း သတ်မှတ်ထားသည့် အထူးပြုဘာသာရပ်ကျောင်းသို့ တက်ရောက်ရန် အရည်အချင်းပြည့်မီပါက ရွေးချယ်မှုတွင် ပါဝင်ကောင်း ပါဝင်နိုင်ပါသည်။

- ကျောင်းခွဲတစ်ခုသည် ကျောင်းခွဲအဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်း မရှိတော့ပါက ယင်းကျောင်းခွဲမှ ကျောင်းသားသစ်များကို ကျောင်းအပ်နှံပေးမည် မဟုတ်ပါ သို့သော် ကျောင်းသားဟောင်းများ၏ မောင်နှမများမှာမူ သတ်မှတ်ထားသည့် အထူးပြုကျောင်းများတွင် အပ်နှံကောင်း အပ်နှံနိုင်ပါသည်။

**ကျောင်းချိန်များ နှင့် ကျောင်းပညာသင်နှစ်**

အစဉ်အလာ အထူးပြုဘာသာရပ်ကျောင်းများအတွက် စီမံလည်ပတ်မှုအချိန်များ နှင့် ကျောင်းပြက္ခဒိန်တို့မှာ ယေဘုယျအားဖြင့် ကျောင်းစနစ်များမှ ပုံစံများဖြင့် အတူတူပင် ဖြစ်သည်။ ရွေးချယ်မှုပြုလုပ်နိုင်သော တိုးချဲ့ထားသည့် နေ့အစီအစဉ်များ၊ လှုပ်ရှားဆောင်ရွက်မှုများ နှင့် ကျူတိုရီရယ်များတို့အား ရရှိကောင်း ရရှိနိုင်ပေသည်။

**သယ်ယူပို့ဆောင်ရေး**

လတ်တလောအဖြစ်ဆုံး လက်ရှိ DeKalb ကောင်တီ သယ်ယူပို့ဆောင်ရေး မူဝါဒအား လိုက်နာရမည်ဖြစ်သည်။ မိဘများအနေနှင့် ကျေးဇူးပြုပြီး သတိပြုရမည်မှာ အထူးပြုဘာသာရပ် မူလတန်းကျောင်းသားများအတွက် သယ်ယူပို့ဆောင်ရေးအား လက်ရှိ ဖွဲ့စည်းထားသည်နှင့်အညီ ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အထူးပြုဘာသာရပ် မူလတန်းကျောင်းမှ ကျောင်းသားများသည် အနီးရပ်ကွက်မှ သတ်မှတ်ထားသော အထူးပြုဘာသာရပ်ကျောင်းများသို့ ပို့ဆောင်ရေးအား ဆက်လက် ရရှိသွားမည်ဖြစ်သည်။ Champion အထူးပြုဘာသာရပ် အလယ်တန်းကျောင်းသို့ ပို့ဆောင်ရေးအား လက်ရှိ ဖွဲ့စည်းထားသည့်အတိုင်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ လက်ရှိစာသင်**နှစ်အတွင်းတွင်** အလယ်တန်းကျောင်း သားများသည် Champion Theme အလယ်တန်းကျောင်းသို့ ပို့ဆောင်ရန်အတွက် ရွေးချယ်ထားသော စက်တလိုက်ကြိုပို့သည့်နေရာများကို အစီရင်ခံပါမည်။

**အထူးပြုဘာသာရပ်ကျောင်းသားများ၏ မွေးချင်းမောင်နှမများ**

သူငယ်တန်း 4 ၊ 6 နှင့် 7 တန်းအထိသာ လက်ရှိစာရင်းသွင်းထားသော ကျောင်းသားများ၏ မွေးချင်းများကို မိဘက စာရင်းသွင်းဖို့ လျှောက်ထား၍ ထိုင်ခုံ ရရှိနိုင်ပါ တူညီသောကျောင်းတွင် ကျောင်းအပ်နိုင်သည်။ အကယ်၍ မွေးချင်းမောင်နှမ ကျောင်းအပ်နေရာချခွင့်အား မရရှိနိုင်လျှင်မူ မဲလက်မှတ်ရွေးချယ်မှုအတောအတွင်း ကျောင်းသားဖြစ်သူအား ရွေးချယ်သည့် အစီအစဉ်အတိုင်းပင် မောင်နှမတစ်ဦးစီအား စောင့်ဆိုင်းစာရင်းအတွင်း၌ နေရာချထားမည် ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်ပေးမှုသည် မူကြိုအရွယ် လျှောက်ထားသူများ သို့မဟုတ် လက်ရှိတွင် ဂရိတ် 5နှင့် 8တွင် တက်ရောက်နေသည့် သူများ၏ မွေးချင်းများ သို့မဟုတ် နောက်ကျမှ လျှောက်ထားသူများအတွက် မဟုတ်ပါ။

တူညီသော မွေးနေ့ရှိကြပြီး၊ တူညီသောကျောင်း နှင့် တူညီသော အတန်း အဆင့်အတွက် လျှောက်ထားသူ မွေးချင်းမောင်နှမများမှာမူ အကယ်၍ မွေးချင်းတစ်ဦးမှ ရွေးချယ်ခံရပြီး ကျောင်းအပ်ထိုင်ခုံနေရာလွတ်တစ်ခုလည်း ကျန်ရှိနေသေးလျှင် မိဘ/အုပ်ထိန်းသူ၏ ရွေးချယ်မှုအားဖြင့် တစ်ပြိုင်တည်း ကျောင်းအပ်နေရာချခွင့်အတွက် ထည့်သွင်းစဉ်းစားပေးမည် ဖြစ်သည်။ "အထူးပြုဘာသာရပ်ကျောင်းအတွက် လက်ရှိ လျှောက်ထားသော မွေးချင်းမောင်နှမ" ကို လျှောက်လွှာတွင် ဖော်ပြရန်နှင့် မွေးချင်းမောင်နှမ တစ်ဦးစီအတွက် တောင်းဆိုထားသော အချက်အလက်ကို ပြည့်စုံအောင်လုပ်ရန်မှာ မိဘ/အုပ်ထိန်းသူ၏ တာဝန်ဖြစ်သည်။

**လျှောက်လွှာပေါ်တွင် မွေးချင်းမောင်နှမ အမျိုးအစား အခြေအနေတစ်ခုခုအား ဖော်ပြပေးရန် ပျက်ကွက်ခဲ့လျှင်မူ စာရင်းသွင်းမှုအတွက် လျှောက်ထားသည့် မွေးချင်းမောင်နှမ အမျိုးအစားများ အားလုံးမှ ဤဖော်ပြချက်အား ဖယ်ရှားပစ်မည် ဖြစ်သည်။ ၎င်းမွေးချင်းများအား စာရင်းသွင်းမှုအတွက် လျှောက်ထားသည့် ကျောင်းသား တစ်ဦးချင်း အနေနှင့်သာ မဲလက်မှတ်နှိုက်၍ နေရာချသွားမည် ဖြစ်သည်။ မွေးချင်းမောင်နှမဆိုင်ရာ ဦးစားပေးမှုအား လက်ခံရရှိရန်အတွက်ဂှာ တူညီသောမိဘဖြစ်သူကပင် တူညီသော မိဘ အကောင့်တစ်ခုပေါ်၌ မွေးချင်းများ အားလုံးအတွက် သီးခြား လျှောက်လွှာများအား ဖြည့်စွက်ပေးရမည် ဖြစ်သည်။**

ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဤကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် " မွေးချင်း" ဆိုသည်မှာ မိဘ(များ) မှ တရားဝင်အုပ်ထိန်းနေသည့် အိမ်တစ်ခုတည်းတွင် အတူတကွနေထိုင်သည့် မိသားစုဝင်ကို ဆိုလိုသည်။ ဥပဒေရေးရာ အထောက်အထား စာရွက်စာတမ်းများအား ထောက်ပံ့ပေးရမည် ဖြစ်သည်။

**Theme School ၏ အချိန်ပြည့်ဝန်ထမ်း၏ ကလေးများ**

ဘုတ်အဖွဲ့မူပေါ်လစီ JBCC ကိုအခြေခံ၍ အထူးပြုဘာသာရပ်ကျောင်းတွင် အလုပ်လုပ်သော အချိန်ပြည့်ဝန်ထမ်းများ၏ကလေးများသည် မိဘများ၏အလုပ်တည်နေရာတွင် စာရင်းသွင်းရန်အတွက် ၎င်းတို့၏ကလေးအတွက် ဝန်ထမ်း ကျောင်းသား ပြောင်းရွှေ့ခြင်း (Employee Student Transfer) တွင် လျှောက်ထားနိုင်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးမှုသည် မူကြို ပရိုဂရမ်အစီအစဉ်များအတွက် မဟုတ်ပါ။ ဝန်ထမ်းများ၏ ကလေး(များ) အရင်းများသာလျှင် ဝန်ထမ်း ကျောင်းသား ပြောင်းရွှေ့ခြင်း အတွက် အရည်အချင်းပြည့်မီပါသည်။ နှစ်စဉ် ဖွန်လ 1-30 ရက်အထိ ဝန်ထမ်း ကျောင်းသား ပြောင်းရွှေ့ခြင်း ဆိုင်ရာ အကြောင်းကြားစာများကို ပေးပို့ပါသည်။ နေရာချထားခြင်း အားလုံးသည် ထိုင်ခုံရရှိနိုင်မှုအပေါ်အခြေခံသည်။

**အထူးပြုဘာသာရပ်ကျောင်း လျှောက်လွှာ လုပ်ငန်းစဉ်**

ကိုယ်ပိုင်ကွန်ပြူတာ သို့မဟုတ် ဒေသတွင်း စာကြည့်တိုက်ကွန်ပျူတာကို အသုံးပြု၍ http://dekalbschoolsgac.scriborder.com တွင် အွန်လိုင်းလျှောက်လွှာကိုဖြည့်သွင်းပါ။

လျှောက်လွှာကိုဖြည့်သွင်းရန် **လျှောက်လွှာနှင့်အတူ** စာရွက်စာတမ်းအားလုံး၏မိတ္တူများ (နေထိုင်ခွင့်အထောက်အထား၊ မွေးစာရင်း၊ အစီရင်ခံစာကတ် စသည်) ကို နောက်ဆုံးနေ့တွင် တင်သွင်းရန် မိဘ/တရားဝင် အုပ်ထိန်းသူ၏ တာဝန်ဖြစ်သည်။ သင်၏လျှောက်လွှာကို နောက်ဆုံးသတ်မှတ်ရက်တွင် School Choice ရုံးသို့ ပို့ပိုးပေးသည့်စာရွက်စာတမ်းအားလုံးကို မတင်ပြမချင်း ပြီးပြည့်စုံသည်ဟု **မယူဆပါ** ။ **တင်သွင်းသော စာရွက်စာတမ်းများ အားလုံးသည် DeKalb ကောင်တီ ကျောင်းခရိုင်၏ ပိုင်ဆိုင်မှုဖြစ်လာမည် ဖြစ်သည်။**

DeKalb ကောင်တီကျောင်းခရိုင်၌ စာရင်းသွင်းထားခြင်းမရှိသော လျှောက်ထားသူများသည် နေထိုင်ရာနေရာ သက်သေအထောက်အထား (မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ အမည်ဖြင့်ရှိသည့် လက်ရှိ ဓာတ်ငွေ့ ၊ လျှပ်စစ်မီး၊ ရေ ငွေတောင်းခံလွှာများ၊ အပေါင်စာချုပ် သို့မဟုတ် အိမ်ငှားသဘောတူညီချက်များ)အား ထောက်ပံ့ပေးရမည် ဖြစ်သည်။ **တယ်လီဖုန်းဘေလ် ငွေတောင်းခံလွှာများ၊ ဘဏ်ထွက်ဆိုချက်များ၊ ကေဘယ်ကြိုး ငွေတောင်းခံလွှာများ အစရှိသည်တို့ကိုမူ နေထိုင်ရာနေရာ သက်သေအထောက်အထားအဖြစ် လက်ခံမည်မဟုတ်ပေ။**

DeKalb ကောင်တီ ခရိုင်ကျောင်းတွင် စာရင်းမသွင်းထားသော လျှောက်ထားသူ အားလုံးသည် လျှောက်လွှာလုပ်ငန်းစဉ်ကို ပြီးမြောက်ရန် အသိအမှတ်ပြုထားသော မွေးစာရင်းမိတ္တူကို ပေးဆောင်ရပါမည်။

DeKalb ကောင်တီကျောင်းခရိုင်၌ စာရင်းသွင်းထားခြင်းမရှိဘဲ လက်ရှိ ဂရိတ် 1 - 7 အတွင်းရှိသည့် လျှောက်ထားသူများအနေနှင့်မူ လျှောက်လွှာလုပ်ငန်းစဉ်အား ပြီးပြည့်စုံစေရန်အတွက်ဗှာ လက်ရှိ လတ်တလောအဖြစ်ဆုံး ကျောင်းသားမှတ်တမ်း အစီရင်ခံစာ ၏ မိတ္တူတစ်စောင်အား ထောက်ပံ့ပေးရမည် ဖြစ်သည်။

www.dekalbscchoolsgac.scriborder.com တွင် ၎င်းတို့၏အကောင့်သို့ ဝင်ရောက်ခြင်းဖြင့် ပရိုဂရမ်၏ ဒက်ရှ်ဘုတ်တွင် လျှောက်လွှာအခြေအနေကို ပုံမှန်စစ်ဆေးရန်မှာ မိဘ၏တာဝန်ဖြစ်သည်။

.

**ကျောင်းအပ်ထိုင်ခုံနေရာများ ဖြန့်ဝေမှု**

**အထူးပြုဘာသာရပ် မူလတန်းကျောင်းများ**

စာသင်နှစ်တစ်နှစ်လျှင် အထူးဘာသာရပ်ကျောင်းတစ်ခုစီနှင့် အတန်းအဆင့်အလိုက် စုစုပေါင်းထိုင်ခုံအရေအတွက်ကို မဲနှိုက်ခြင်းမတိုင်မီ ဆုံးဖြတ်ပါသည်။ အထူးပြုဘာသာရပ် မူလတန်းကျောင်းတစ်ကျောင်းစီအတွက် ရရှိနိုင်သော ထိုင်ခုံ အရေအတွက်သည် ထိုင်ခုံနေရာအကန့်အသတ် သို့မဟုတ် များစွာသော စာရင်းသွင်းမှု အစရှိသည်တို့ကြောင့် နေရာအခက်အခဲ ကြီးမားစွာ ရှိနေသည့် စာသင်ကျောင်းများပေါ်တွင် အခြေခံပြီး ဖြည့်စွက်ကျောင်းများအကြား ဖြန့်ဝေသွားမည် ဖြစ်သည်။
ကျပန်းမဲနှိုက်ရွေးချယ်ခြင်းလုပ်ငန်းစဉ်အတွင်း ကျောင်းသားများကို ထည့်သွင်းပေးမည့် ပူးလ် သုံးခုရှိသည် - မွေးချင်းများ၊ ကြီးမာမှု၌ နှင့် ဝန်ထမ်းများ။ နေရာချထားပေးခြင်းမခံရသော မည်သည့်လျှောက်ထားသူမဆိုအား ကျပန်းမဲနှိုက်ရွေးချယ်ခြင်းလုပ်ငန်းစဉ်အတွင်း ၎င်းတို့အား ရွေးချယ်ထားသော အစီအစဉ်အတိုင်း စောင့်ဆိုင်းစာရင်းတွင် သွင်းမည်ဖြစ်ပါသည်။
ဘုတ်အဖွဲ့ပေါ်လစီ JBCC ကိုအခြေခံ၍ အချိန်ပြည့် အထူးပြုဘာသာရပ်ကျောင်း အခြေပြုဝန်ထမ်းများ၏အဆင့် K-5 ရှိသောကလေးများကို ထိုင်ခုံများရရှိနိုင် သောအခါတွင် နေရာချထားပေးမည်ဖြစ်သည်။ ဝန်ထမ်း ကလေးအားလုံးအတွက် ထိုင်ခုံမရရှိနိုင်ပါက လျှောက်ထားသူများကို စောင့်ဆိုင်းစာရင်းပေးမည်ဖြစ်ပါသည်။ ဤရွေးချယ်မှု လမ်းညွှန်ချက်များသည် မူကြို အစီအစဉ်များအတွက် အကြုံးမဝင်ပါ။

**အထူးပြုဘာသာရပ် အလယ်တန်းကျောင်း**

ကျောင်းပညာသင်နှစ် တစ်နှစ်စီတွင် အတန်းအဆင့်တစ်ခုစီ၌ ထားရှိမည့် စုစုပေါင်း ထိုင်ခုံအရေအတွက်များအား မဲဆောင်ရွက်ခြင်း မပြုမီ၌ ဆုံးဖြတ်သည်။ အထူးပြုဘာသာရပ် မူလတန်းကျောင်း တစ်ကျောင်းစီထံသို့ အထူးပြုဘာသာရပ် အလယ်တန်းကျောင်း ဂရိတ် 6 ကျောင်းသား ဦးရေ၏ 50% မှ ရရှိနိုင်သော ဂရိတ် 6 ထိုင်ခုံနေရာများ၏ ညီမျှသော ရာခိုင်နှုန်းတစ်ခုဖြင့် ခွဲဝေသွားမည် ဖြစ်သည်။ ဂရိတ် ၆ လျှောက်ထားသူများ အများစုသည် မိမိတို့၏ နေအိမ် အလယ်တန်းကျောင်း တက်ရောက်မှုဧရိယာများမှ ရရှိနိုင်သော ထိုင်ခုံများ၏ အခြားတစ်ဝက်ကို ဖြည့်စွက်ရမည် ဖြစ်သည်။ ၎င်းတို့၏ အလယ်တန်းကျောင်းနေအိမ် တက်ရောက်မှုဧရိယာမှ ရရှိနိုင်သော ထိုင်ခုံနေရာများ၏ တစ်ဝက်အား ဖြည့်စွက်ရန် ရွေးချယ်မှုအား ဂရိတ် ခုနစ်တန်း နှင့် ရှစ်တန်း လျှောက်ထားသူများထံသို့ ခွင့်ပြုရန်မှာ 50%-50% နေရာချမှု တစ်ခုအား အသုံးပြုရမည် ဖြစ်သည်။ ဂရိတ် 7 နှင့် ဂရိတ် 8 လျှောက်ထားသူများ အများစုသည် မိမိတို့၏ နေအိမ် အလယ်တန်းကျောင်း တက်ရောက်မှုဧရိယာများမှ ရရှိနိုင်သော ထိုင်ခုံများ၏ အခြားတစ်ဝက်ကို ဖြည့်စွက်ရမည် ဖြစ်သည်။
ကံစမ်းမဲရွေးချယ်မှုလုပ်ငန်းစဉ်အတွင်း ကျောင်းသားများကို ထည့်သွင်းပေးမည့် ပူးလ် လေးခုပါရှိသည် - လက်ရှိစာရင်းသွင်းထားသော အထူးပြုဘာသာရပ် ကျောင်းသားများ၏ ညီအစ်ကို မောင်နှမများ၊ ယခင် အထူးပြုဘာသာရပ် ကျောင်းသားများ၊ အများစုများ နှင့် အလယ်တန်းကျောင်းဝန်ထမ်းများ လျှောက်ထားသူများ၏ သားသမီးများ။ ရရှိနိုင်သော အထူးပြုဘာသာရပ် နှင့် အများစုမဲပေးမှု အဖွင့်များအား ပါဝင်သော အလယ်တန်းကျောင်းများအကြား ခွဲဝေသွားမည် ဖြစ်သည်။ မညီမျှသော ထိုင်ခုံအရေအတွက်များ နေရာရရှိလာချိန်တွင်၊ ကျန်ရှိနေသော ထိုင်ခုံနေရာများအား ထိုင်ခုံနေရာအကန့်အသတ် သို့မဟုတ် များစွာသော စာရင်းသွင်းမှု အစရှိသည်တို့ ရှိသည့်အတွက်ကြောင့်မှာ နေရာအခက်အခဲ ကြီးမားစွာ ရှိနေသည့်အပေါ်မူတည်ပြီး ဆိုဒ်နေရာများသို့ ဖြန့်ဝေသွားမည် ဖြစ်သည်။ အထူးပြုဘာသာရပ်ကျောင်းရှိ မည်သည့်အတန်းအတွက်မဆို လျှောက်ထားသူ အရေအတွက်သည် ကျောင်းခွဲ၏ အစီအစဉ်ချထားသည့် ရရှိနိုင်သော ကျောင်းအပ်ခွင့်နေရာ အရေအတွက်ထက် ကျော်လွန်လျှင် အလိုအလျောက် ကျပန်း ကံစမ်း/ရွေးချယ်မှုလုပ်ငန်းစဉ်ကို လုပ်ဆောင်မည်ဖြစ်သည်။

**စောင့်ဆိုင်းစာရင်း**

ထိုင်ခုံအားလုံးပြည့်ပြီးသည်နှင့် ကံစမ်းမဲနှိုက်ခြင်းကာလအတွင်း နေရာချထားရန် မရွေးချယ်ရသေးသော လျှောက်ထားသူများကို စောင့်ဆိုင်းစာရင်းတွင် ထည့်သွင်းပေးမည်ဖြစ်သည်။ မဲလက်မှတ်ကံစမ်းမှုအား ပြုလုပ်ပြီးသည့်နောက် နောက်ထပ်သော ကျောင်းအပ်ထိုင်ခုံနေရာလွတ်များ ရရှိလာခဲ့လျှင် အဆိုပါ ထိုင်ခုံနေရာများအား သတ်မှတ်ထားသော စောင့်ဆိုင်းစာရင်းပေါ်ရှိ လျှောက်ထားသူများဖြင့် နေရာဖြည့်သွားမည် ဖြစ်သည် (အတန်းအဆင့်အလိုက်၊ ဖြည့်စွက်ကျောင်းအလိုက်)။ စောင့်ဆိုင်းစာရင်းသည် အထူးပြုဘာသာရပ်ကျောင်းများ၏ အလိုအလျောက် ကျပန်းမဲနှိုက်ခြင်း/ရွေးချယ်ခြင်းလုပ်ငန်းစဉ်၏ နေ့ရက်မှ စတင်၍ **ဩဂုတ်လ 30 ရက်နေ့၊ 2024 ခုနှစ်** အထိ အကျုံးဝင်မည်ဖြစ်ပါသည်။ ကျောင်းသားများကို **ဩဂုတ်လ 30 ရက် 2024 ခုနှစ်နောက်ပိုင်းတွင် နေရာချထားမည်မဟုတ်ပါ။**

**အသိပေးအကြောင်းကြားမှု လုပ်ငန်းစဉ်**

အထူးပြုဘာသာရပ် ကျောင်းကျပန်းမဲနှိုက်ခြင်းတွင် ရွေးချယ်ထားသော လျှောက်ထားသူများအား အီးမေးလ်နှင့် မိဘ/မိသားစု အက်ပ်ဒက်ရှ်ဘုတ်မှတစ်ဆင့် အကြောင်းကြားချက် ပေးပို့မည်ဖြစ်သည်။ ဤအကြောင်းကြားချက်သည် ရွေးချယ်မှုအား ပြည့်စုံပြီးမြောက်စေရန် လိုအပ်သော လုပ်ငန်းစဉ်များကို မိဘများထံသို့ အသိပေးသွားမည် ဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် မိဘ/အုပ်ထိန်းသူများသည် စာရင်းသွင်းခြင်း လုပ်ငန်းစဉ်ကို အပြီးသတ်ရန်ပျက်ကွက်ခဲ့ပါက ကလေး၏အမည်ကို အတန်းစာရင်းမှ ဖယ်ရှားမည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ လမ်းညွှန်ချက်များသည် School Choice အစီအစဉ်တစ်ခုသို့ တက်ရောက်ရန် ရွေးချယ်ခံရသည့် ကျောင်းသားများအားလုံးထံသို့ သက်ရောက်မှုရှိမည် ဖြစ်သည်။

⇒ ကျောင်းသားသည် လျှောက်ထားသူအတွက် ရွေးချယ်ထားသည့် အတန်းတွင် အပ်နှံရန် အဆင့်မြင့်တင်ရေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် အဆိုပါ ကျောင်းသား၏ နေရာကို ပယ်ချမည်ဖြစ်သည်။ ၎င်းကျောင်းအပ်ရန်ထိုင်ခုံနေရာလွတ်အား စောင့်ဆိုင်းစာရင်းပေါ်ရှိ အခြား အရည်အချင်းပြည့်မီသည့် လျှောက်ထားသူတစ်ဦးထံသို့ ကမ်းလှမ်းပေးမည် ဖြစ်သည်။

⇒ ကျောင်းသားများသည် နေရာချထားမှုကို ဆက်လက်ထိန်းသိမ်းထားရန် ကျောင်းစတက်သည့်နေ့တွင် သတ်မှတ်ထားသော အထူးပြုဘာသာရပ်ကျောင်းသို့ တက်ရောက်ရမည်ဖြစ်သည်။ လစ်လပ်နေသော ထိုင်ခုံများကို ဩဂုတ်လ နောက်ဆုံးထား၍ စောင့်ဆိုင်းစာရင်းတွင် နောက်ကျောင်းသားအား ပေးမည်ဖြစ်သည်။

⇒ **ဩဂုတ်လ 30 ရက် 2024 ခုနှစ်** နောက်ပိုင်းတွင် ကျောင်းသားသစ်များကို လက်ခံမည်မဟုတ်ပါ။ ရွေးချယ်မခံရသော ကျောင်းသားများသည် 2025 - 2026 ကျောင်းပညာသင်နှစ်အတွက် ပြန်လည်လျှောက်ထားကောင်း လျှောက်ထားနိုင်ပါသည်။ စောင့်ဆိုင်းစာရင်းသွင်းထားသော ကျောင်းသားများသည် **2024 - 2025** အလိုအလျောက် ကျပန်းကံစမ်းမဲနှိုက်ရွေးချယ်ခြင်းလုပ်ငန်းစဉ်တွင် ၎င်းတို့၏စောင့်ဆိုင်းစာရင်းနံပါတ်ပါဝင်သည့် အကြောင်းကြားချက်ကို လက်ခံရရှိမည်ဖြစ်ပါသည်။

⇒ ရွေးချယ်ထားသော လျှောက်ထားသူများသည် အစီအစဉ်/ကျောင်းစာရင်းသွင်းသည့် နောက်ဆုံးရက်တွင် ပရိုဂရမ်တစ်ခုတွင် ကမ်းလှမ်းထားသော နေရာချထားမှုကို လက်ခံရမည် သို့မဟုတ် ငြင်းပယ်ရပါမည်။

# ငြင်းဆန်ချက်

DeKalb ကောင်တီကျောင်းခရိုင် (DCSD) သည် စည်းမျဉ်းများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ။ အစီအစဉ်လမ်းညွှန်ချက်များ၊ နေ့စွဲများ၊ သင်ရိုးညွှန်းတမ်းများ နှင့် ဘာသာရပ်အစီအစဉ်များ အစရှိသည်တို့အပါအဝင် အကန့်အသတ်မရှိသော ဤထုတ်ဝေမှုအတွင်းရှိ ဖော်ပြချက်တစ်စုံတစ်ရာအား ကြိုတင်သတိပေးခြင်းမပြုဘဲ သို့မဟုတ် ထိုသို့တာဝန်မရှိဘဲ ပြောင်းလဲနိုင်သည့် အခွင့်အရေးကို ထိန်းသိမ်းရရှိထားသည်။

ကြိုတင် မသိမမြင်နိုင်သော အခြေအနေများကြောင့်ဝှာ ကျောင်းသားများအား မည်သည့် School Choice အစီအစဉ်တွင်မဆို နေရာချထားသည့် အခွင့်အား DCSD မှ ထိန်းသိမ်းရရှိထားသည်။

ဤလက်ကမ်းစာစောင်အား ဖတ်ရှုရန် ပျက်ကွက်ခြင်းကြောင့် မိဘများ နှင့် ကျောင်းသားများအား ဤတွင် ဖော်ပြထားသည့် စည်းမျဉ်းစည်းကမ်းများ နှင့် ကန့်သတ်ချက်များတို့မှ ခြွင်းချက်ကင်းလွတ်ခွင့်ပြုပေးမည် မဟုတ်ပေ။

၎င်းသည် အသက်၊ လိင်၊ လူမျိုး၊ အသားအရောင်၊ ဘာသာရေး၊ အမျိုးသားဇာတိ၊ မသန်စွမ်းမှု သို့မဟုတ် ၎င်း၏ပညာရေးဆိုင်ရာ အစီအစဉ်များ၊ လှုပ်ရှားမှုများ သို့မဟုတ် အလုပ်အကိုင်အလေ့အကျင့်များတွင် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မပြုရန် DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့၏ မူပေါ်လစီဖြစ်ပါသည်။